Internal Revenue Department

# အခွန်ထမ်းတစ်ဦးချင်း၏အခွင့်အရေး

## အချက်အလက်များတောင်းဆိုပိုင်ခွင့်များ

အခွန်ထမ်းများသည် အခွန်ဥပဒေများနှင့် အညီလိုက်နာနိုင်ရန်လိုအပ်သောအချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာအခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ သက်ဆိုင်ရာ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် ပတ်သက်၍ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်ရှိပါသည်။

## အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ ရရှိပိုင်ခွင့်များ

မိမိတို့အနေဖြင့် လုပ်ငန်းသဘာဝအရ ဆက်သွယ်ဆောင်ရွက်နေရသောအခွန်ထမ်းများ အားလုံးကို လေးစားမှုနှင့်ယဉ်ကျေးမှုတို့အား ရှေ့ထားပြီး မျှမျှတတ၊ သမာသမတ်ကျကျ ဆက်ဆံပါမည်။မိမိတို့အနေဖြင့် အချိန်တိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်း၊ အရည်အသွေးပြည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ ယုံကြည်ကိုးစားနိုင်ခြင်းနှင့် တာဝန်ယူမှုအပြည့်ရှိခြင်းဟူသည့်အရည်အသွေးများဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပါမည်။အခွန်ထမ်းများအတွက် မိမိတို့ပေးအပ်သည့် ဝန်ဆောင်မှုများသည် ကြိုတင်ပြင်ဆင်မှုရှိသော၊ အချိန်နှင့်တစ်ပြေးညီဖြစ်သော၊ မှန်ကန်သော၊ နွေးထွေးပျူငှာသော၊ ရှေ့နောက်ညီညွတ်မှုရှိသော၊ လွယ်ကူအဆင်ပြေသော ဝန်ဆောင်မှုများ ဖြစ်ရပါမည်။

## အခွန်ထမ်းတစ်ဦးအနေဖြင့်သင်၏အခွင့်အရေး

အခွန်ထမ်းတစ်ဦးအနေဖြင့် သင်သည် မိမိတို့ထံမှ အောက်ပါအချက်များကို မျှော်မှန်းပိုင်ခွင့် ရှိပါသည်-

(၁) သင့်အားမျှမျှတတ၊ ချင့်ချင့်ချိန်ချိန်၊ယဉ်ယဉ်ကျေးကျေးဆက်ဆံရန်၊

(၂) သင့်အားရိုးသားသည်ဟုမှတ်ယူဆက်ဆံရန်၊

(၃) မိမိတို့လုပ်ဆောင်သမျှအတွက်တာဝန်ခံရန်၊

(၄) သင့်အားအကူအညီပေးရန်နှင့် အသိပညာပေးရန်၊

(၅) သတင်းအချက်အလက်များကိုဥပဒေနှင့်အညီထုတ်ဖော်ခြင်းမှအပ လျှို့ဝှက်ထိန်းသိမ်းထားရန်၊

(၆) ကြားနာခံပိုင်ခွင့်ပြုရန်၊

(၇) သင်၏ကိုယ်စားလှယ်ထားပိုင်ခွင့်ကို လက်ခံရန်၊

(၈) သင့်အား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန်၊

(၉) အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်အား တိုးမြှင့်ပေးရန်၊

(၁၀) အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်အား တိုးမြှင့်ပေးရန်၊

(၁၁)ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ပမာဏထက် ပိုမိုပေးဆောင်ခဲ့ပါက ပြန်အမ်းငွေတောင်းခံပိုင်ခွင့်နှင့် ပြန်အမ်းငွေထုတ်ပေးမှုကြန့်ကြာပါ အတိုး ပြန်လည်ရရှိပိုင်ခွင့်။

## အခွန်ထမ်းတစ်ဦးအနေဖြင့်သင်၏တာဝန်များ

အခွန်ဌာနမှလည်း သင့်အနေဖြင့် အခွန်တာဝန်များကို မှန်ကန်စွာနှင့် သစ္စာရှိစွာ ထမ်းရွက်လျက်ရှိသည်ဟု ယုံကြည်ထားပါသည်။ သင့်အနေဖြင့် အောက်ပါတို့ကို ဆန္ဒအလျောက် ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ထားပါသည်-

၁။ အခွန်ထမ်းအဖြစ်မှတ်ပုံတင်မည်၊

၂။ သတင်းအချက်အလက်အပြောင်းအလဲများကို သတ်မှတ်ရက်အတွင်းအကြောင်းကြားမည်၊

၃။ အခွန်ဥပဒေများကိုလိုက်နာဆောင်ရွက်မည်၊

၄။ မှန်ကန်၊ ပြည့်စုံဖြောင့်မတ်သော ကြေညာလွှာများကိုအချိန်မီ တင်သွင်းမည်၊

၅။ ထိုက်သင့်သော အခွန်ပမာဏကို ပေးဆောင်မည်၊

၆။ သင်၏ လုပ်ငန်းဆောင်ရွက်ချက်များအားလုံးကို မှတ်သားထားသည့် စာတမ်းအမှတ်အသားများ၊ ယင်းမှတ်တမ်းနှင့် စာရင်းများရေးသွင်းရာတွင် အသုံးပြုခဲ့သည့် မူလအထောက်အထား အချက်အလက်များနှင့် အခြေခံအထောက်အထား အချက်အလက်များကို သတ်မှတ်ကာလအထိ နိုင်ငံတော်အတွင်း ထိန်းသိမ်းထားရှိမည်၊

၇။ ရုံးလုပ်ငန်းဆောင်ရွက်ရန်အတွက် အခွန်ဝန်ထမ်းကို ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးအပ်ရမည်ဖြစ်ပါသည်။



## ပေးဆောင်ထိုက်သောအခွန်ပမာဏကိုသာပေးဆောင်ပိုင်ခွင့်

အခွန်ထမ်းများသည် တည်ဆဲအခွန်ဥပဒေများ အရ ပေးဆောင်ထိုက်သော အခွန်၊ ဒဏ်ငွေ အတိုးပမာဏကိုသာ ပေးဆောင်ပိုင်ခွင့်ရှိစေရမည်။

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း

အခွန်ထမ်းများသည် ဦးစီးဌာန၏စည်းကြပ်မှု သို့မဟုတ်အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။

## စာရင်းစစ်ဆေးခြင်းပြီးစီးမည့်အချိန်

အခွန်ထမ်းများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့်အချိန်ကာလ၊ ဌာန၏သဘောထားစသည်တို့အား လူကြီးမင်းတို့ထံမှ အချက်အလက်ရရှိနိုင်မှုအပေါ် မူတည်ပြီး သိရှိနိုင်ခွင့်ရှိသည်။

## အချက်အလက်များနှင့်ပတ်သက်၍ ယုံကြည်မှုရှိပိုင်ခွင့်

ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများမှပေးအပ်သည့် သတင်းအချက်အလက်များ

အားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့် အညီ လျှို့ဝှက်ထိန်းသိမ်းထားမည် ဖြစ်ပါသည်။

## ကိုယ်စားလှယ်ထားရှိပိုင်ခွင့်

အခွန်ထမ်းများသည် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံးတို့ဖြင့် ဆက်သွယ်ဆောင်ရွက် ရာတွင် လူကြီးမင်းတို့ကို ကိုယ်စားပြု၍ အခွန် ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင် ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားရှိပိုင် ခွင့်ရှိသည်။